# MANDALAY MYOTHA
INDUSTRIAL DEVELOPMENT PUBLIC CO., LTD

No. 514/8, 26th Street,
Between 58th & 60th Street
Aung Myae Thar Zan Township
Mandalay, Myanmar.
Tel : + 95 - 2 - 65958, 82150
Fax : + 95 - 2 - 73088
Email : nfo@mmidproject.com


**MIP Main Entrance**

Highway #18,
Approximately 7th miles West of Myotha
Latitude : 21.696251
Longitude : 95.629063

**MMID Information Center I**

No. A(1-2), 62nd Street
Industrial Zone (1), Mandalay
Tel : +95 2 82150
Fax : +95 2 82151

**MMID Information Center II**

Myotha Industrial Park, Myotha
Near Main Entrance
Latitude : 21.698012
Longitude : 95.626925

**www.mmidproject.com**

# MANDALAY MYOTHA

INDUSTRIAL DEVELOPMENT PUBLIC CO., LTD



# ANNUAL REPORT
2016-2017

မန္တလေးမြို့သာ စက်မှုဖွံ့ဖြိုးတိုးတက်ရေး
အများပိုင်ကုမ္ပဏီလီမိတက်

နှစ်ပတ်လည် အစီရင်ခံစာမှတ်တမ်း

# MMID

# ANNUAL REPORT
2016-2017




## Mandalay Myotha Industrial Development Public Co., Ltd (MMID)

*Mandalay Myotha Industrial Development Public Co.,Ltd (MMID) is the master developer of Myotha Industrial Park (MIP) and Semeikhon Port (SMP). Together with an able team that also includes foreign experts and consultants, Chairman Aung Win Khaing's dream is to unlock the wealth of Mandalay to benefit the locals even as Myanmar races ahead in economic development.*

*MIP will be a mixed use industrial park covering over 10,000 acres. SMP is a jetty port along the Ayeyarwaddy River that covers 380 acres. Foreign investors are already showing interest in this development that will play a big part in the modernisation, infrastructure and economic growth of this beautiful country of 60 million people.*

## CONTENTS


| | |
|---|---|
| Page 1 | Guidelines by Chief Minister of Mandalay Region Government |
| Page 5 | Vision and Mission |
| Page 7 | Activities |
| Page 13 | Chairman's Report |
| Page 59 | Board of Directors |
| Page 63 | Corporate Governance |
| Page 65 | High Level Management Committee |
| Page 69 | Organization Chart of MMID |
| Page 71 | Corporate Social Responsibility |
| Page 81 | Financial Section |



# ဝန်ကြီးချုပ်
## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## သဝဏ်လွှာ

ယနေ့နိုင်ငံတော်ကို တာဝန်ယူနေတဲ့ အစိုးရသည် ပြည်သူကရွေးချယ်တာဝန်ပေးခဲ့တဲ့ အစိုးရဖြစ်ပါတယ်။ အစိုးရအနေဖြင့် နိုင်ငံတော်ကို တည်ဆောက်ရာမှာ မူဝါဒများ၊ ဦးတည်ချက်များနှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များအဖြစ် အောက်ပါအတိုင်း ချမှတ်ထားရှိပါတယ် –

(က) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(ခ) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန် စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့်သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်ရေး။

(ဃ) နိုင်ငံရေး ဆွေးနွေးပွဲများမှ တစ်ဆင့် "ထာဝရငြိမ်းချမ်းရေး" ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(င) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သော သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံအတွက် အလုပ်လုပ်နိုင်သော အရွယ် ၁၅ နှစ်မှ ၆၄ နှစ်ထိ ၃၂.၉၈ သန်းကျော်ရှိပြီး အလုပ်လုပ်နေသောဦးရေမှာ ၂၁.၈၇ သန်းကျော်ရှိရာ ရာနှုန်းအားဖြင့် ၆၆ % ခန့်သာ အလုပ်လုပ်နေပြီး ကျန် ၃၄ ရာနှုန်းမှာ အလုပ်လက်မဲ့သဘော ဖြစ်နေပါတယ်။ ယခုကဲ့သို့ အလုပ်လက်မဲ့များ များပြားမှုအပေါ် နိုင်ငံတော်အနေနဲ့ ရင်းနှီးမြှုပ်နှံလိုသူများအား မက်လုံးပေးပြီး စီးပွားရေးဇုန်များ၊ စက်မှုဥယျာဉ်များတည်ဆောက်ခြင်းဖြင့် ဆွဲဆောင်စည်းရုံးနေပါတယ်။ ထို့အတူ ပုဂ္ဂလိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အဆင့် ကော်မတီတစ်ရပ် ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိပြီး ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေမည့် မြန်မာနိုင်ငံ ရင်းနှီး–မြှုပ်နှံမှု ဥပဒေကို ပြဌာန်းပေးနိုင်သည့်အပြင် လိုအပ်သည့်နည်းဥပဒေ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ဆောင်ရွက် ပေးလျက်ရှိပါတယ်။

ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများစွာဝင်ရောက်လာစေရန် ရည်ရွယ်၍ အခွန်နှုန်းထားများပြင်ဆင် မှတ်သတ်ခဲ့ရာ ဖွံ့ဖြိုးမှုနည်းပါးသော ဒေသများ၌ (၇)နှစ်၊အသင့်အတင့် ဖွံ့ဖြိုးသည့် ဒေသများ၌ (၅)နှစ်၊ ဖွံ့ဖြိုးပြီးဒေသများ၌ (၃)နှစ် အခွန်ကောက်ခံမှု ကင်းလွတ်ခွင့်ပေးထားခဲ့ရာ ငါန်းဇွန်းဒေသသည် ဖွံ့ဖြိုးမှုနည်းပါးသည့် ဒေသတွင် ပါဝင်သဖြင့် မြို့သာစက်မှုဥယျာဉ်အတွင်း ရင်းနှီးမြှုပ်နှံသူများသည် အခွန်ကောက်ခံမှု ကင်းလွတ်ခွင့် (၇)နှစ် ရရှိမည်ဖြစ်ပါသည်။ ဆက်လက်၍လည်း မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉/၂၀၁၇ ဖြင့် ပြဌာန်းပေးနိုင်ခဲ့သလို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်–လည်း ရင်းနှီးမြှုပ်နှံလိုသူများကို လုပ်ပိုင်ခွင့်ရသည့် ဘောင်အတွင်းမှ ခွင့်ပြုပေးလျက်ရှိပါတယ်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တာဝန်စတင်ယူစဉ်ကပင် ပြည်သူလူထု အလုပ်အကိုင်ရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် စက်မှုဇုန်များကို အသေးစိတ်လေ့လာခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီး အတွင်းမှာဆိုရင် ၁၉၉၀ ပြည့်နှစ်က တည်ဆောက်ခဲ့တဲ့ မန္တလေးစက်မှုဇုန်၊ ၁၉၉၇ ခုနှစ်မှာ မိတ္ထီလာစက်မှုဇုန်၊ ၁၉၉၈ ခုနှစ်မှာ မြင်းခြံစက်မှုဇုန်တို့ တွေ့ခဲ့ရပြီး၊ အကောင်အထည်ဖော် တည်ဆောက်ဆဲ ရတနာပုံစက်မှုဇုန်နှင့် မြို့သာစက်မှုဥယျာဉ်တို့ကို တွေ့ရပါတယ်။ ဒီထဲမှာ မြို့သာစက်မှုဥယျာဉ်ဟာ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ မြို့သာဒေသမှာ တိုင်းဒေသကြီးအစိုးရက ဧက (၁၀၀၀၀) ဖော်ထုတ်ပေးခဲ့ပြီး MMID အများပိုင် ကုမ္ပဏီက လုပ်ဆောင်နေတာ တွေ့ခဲ့ရပါတယ်။

ငါန်းဇွန်မြို့နယ်၊ မြို့သာဒေသကို ကြည့်ပြန်တော့လည်း မိုးခေါင်ရေရှားဒေသ၊ ပူပြင်း ခြောက်သွေ့တဲ့ ရာသီဥတုရှိပြီး စိုက်ပျိုးမှုဖြစ်ထွန်းခြင်းမရှိတာ၊ အလုပ်အကိုင်ဝင်ငွေ အခွင့်အလမ်း နည်းပါးတဲ့ ဒေသဖြစ်ကြောင်း တွေ့ရှိခဲ့ရပါတယ်။ ဒီလိုဒေသမှာမြို့သာစက်မှုဥယျာဉ် တည်ဆောက်ခြင်းဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး တိုင်းဒေသကြီးနှင့် နိုင်ငံတော်အတွက်ပါ အကျိုးရှိနိုင်သည့် စီမံကိန်းကြီးဖြစ်ကြောင်းလည်း တွေ့ရှိရတဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပြီး ဆက်လက်ထောက်ခံ အားပေးခဲ့ခြင်းအပြင် ပြည်ထောင်စုအဆင့်မှလည်း ဆက်လက်အားပေးထောက်ခံထားသည့်စီမံကိန်းကြီး ဖြစ်ပါတယ်။

စီမံကိန်းကြီးကို ဆောင်ရွက်နေတဲ့ MMID အများပိုင်ကုမ္ပဏီ၏ ဆောင်ရွက်ချက်များကို ကြည့်ပါက အခြေခံအဆောက်အအုံ (Infrastructure) များဖြစ်သည့် လမ်းများဖောက်လုပ်ပြီး ကွန်ကရစ်လမ်းများ၊ ကတ္တရာလမ်းများထိ အဆင့်မီစွာ ခင်းကျင်းဆောင်ရွက်ပြီးသလို မြို့တစ်မြို့၏ အင်္ဂါရပ်များ ဖြစ်တဲ့ လျှပ်စစ်မီးရရှိရေးအတွက် ဓါတ်အားခွဲရုံများ၊ မီးကြိုးများသွယ်တန်း ပြီးစီးသည့်အပြင် ခြောက်သွေ့ပူပြင်းသောဒေသအတွက် ဧရာဝတီမြစ်မှ မြစ်ရေများကို ပိုက်လိုင်းများဖြင့် သွယ်တန်းပြီး စိမ်းလန်းစိုပြေစွာ ရေရရှိရေးကိုလည်း ဆောင်ရွက်ထားကြောင်း တွေ့ရပါတယ်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်MMID တို့ ပူးပေါင်း ဆောင်ရွက်မှု အခြေအနေမှာ နိုင်ငံ – ခြားရင်းနှီးမြှုပ်နှံမှုအဖြစ် နိုင်ငံ (၅) နိုင်ငံ စက်ရုံ အလုပ်ရုံများ၊ Shop house များ၊ Residential များ တည်ဆောက်ခြင်း နှင့်အတူ အဆင့်မြင့် Golf ကွင်းနှင့် ဆီမီးခုံဆိပ်ကမ်း တည်ဆောက်ခဲ့မှုအပေါ် စီမံကိန်းအနီး ပတ်ဝန်းကျင်ကျေးရွာများမှ ကုမ္ပဏီအဆင့်မြင့် ဝန်ထမ်းများအပါအဝင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိသူ ၁၃၈၂ ဦးထိ ရှိပြီဖြစ်ကြောင်း သိရသည့်အပြင် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာပြီး နေ့စဉ် ပြည်သူလူထုအကျိုးပြုယာဉ်ကြီး၊ ယာဉ်ငယ် အစီး(၁၀၀)ခန့် စီမံကိန်းလမ်းမကြီးပေါ်မှ ရာသီမရွေး နေ့/ည သွားလာနေပြီဖြစ်ကြောင်း သိရပါတယ်။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒများဖြစ်သည့် လမ်းများ၊ ဆိပ်ကမ်းများစသည့် အခြေခံအဆောက်အအုံများလျင်မြန်စွာ တိုးတက်လာစေရန်နှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းသာမက အခြားဒေသအတွင်း၌လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေများကို ဖော်ထုတ်၍ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်ဟူ၍ ချမှတ်ထားပါသည်။ အချုပ်အားဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရ၏ စီမံကိန်းကြီးကို အကောင်အထည်ဖော် ဆောင်ရွက်နေသော မြို့သာစက်မှုဇုန်ယျာဉ် စီမံကိန်းကြီးသည် ပထဝီအနေအထားအရ အာဆီယံ ဒေသချင်းဆက်နိုင်ငံများနှင့် ဆက်နွယ်မှုတွင် အရေးပါပြီး ရင်းနှီးမြှုပ်နှံလိုသူများအတွက် အခွင့်အလမ်းကောင်း ဖြစ်သလို ဒေသအကျိုး၊ တိုင်းဒေသကြီးအကျိုး၊ နိုင်ငံတော်–အကျိုး ဖြစ်ထွန်းလာမည့် စီမံကိန်း ဖြစ်တဲ့အတွက် MMID အများပိုင် ကုမ္ပဏီ ဥက္ကဋ္ဌ နှင့် ဒါရိုက်တာများ၊ အစုရှယ်ယာဝင်များ စုစည်း ညီညွတ်စွာဖြင့် နိုင်ငံတော်၏ မူဝါဒများ၊ ဦးတည်ချက်များနှင့်အညီ တိုင်းဒေသကြီးအဆင့်မှ နိုင်ငံတော်အဆင့်အထိ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်အောင် အကောင်အထည်ဖော်ပေးကြပါလို့ မှာကြားရင်း နိဂုံးချုပ် အပ်ပါတယ်။

ဝန်ကြီးချုပ်
ဒေါက်တာဇော်မြင့်မောင်

# ကျွန်ုပ်တို့၏ ရည်ရွယ်ချက်
# (VISION)

**နိုင်ငံတကာ အဆင့်မီ သဘောဆိပ်ကမ်းနှင့်**
**ဖွံ့ဖြိုးတိုးတက်သော စက်မှုဥယျာဉ် ဖြစ်ပေါ် လာစေရန်၊**
**ကျန်းမာစွာ နေထိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ၊**
**လူနေမှု အဆင့်အတန်းမြင့်မားရေးနှင့်**
**ရင်းနှီးမြှုပ်နှံမှု အခွင့်အရေးများတို့အတွက်**
**ပတ်ဝန်းကျင် ကောင်းတစ်ခု ဖြစ်ပေါ်လာစေရန်။**



## ကျွန်ုပ်တို့၏ မျှော်မှန်းချက်
## (MISSION)

**တိုင်းဒေသကြီးအတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ကျ၍ လူမှုစီးပွား ဘဝတိုးတက်ရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွက်လာရေး၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အတွက် ဝန်ဆောင်မှု ပြည့်ဝသော စီးပွားရေးပတ်ဝန်းကျင်ဖော်ထုတ်ရန်။**







# ACTIVITIES
## လုပ်ရှားမှု မှတ်တမ်းများ




ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်မှ တတိယအကြိမ်မြောက် MMID နှစ်ပတ်လည်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားနေစဉ်



ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ
MMID နှစ်ပတ်လည်အစည်းအဝေးသို့ လာရောက်နေစဉ်



ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်မှ တတိယအကြိမ်မြောက်
MMID နှစ်ပတ်လည်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားနေစဉ်



ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ MMID နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ကြစဉ်



လျှပ်စစ်စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဇာနည်အောင် မှ အမှာစကားပြောကြားစဉ်



စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြတ်သူမှ အမှာစကားပြောကြားစဉ်



ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ဧရာဝတီ ဆီမီးခုံဆိပ်ကမ်းသို့ လာရောက် ကြည့်ရှုစစ်ဆေးနေစဉ်



ဧရာဝတီ ဆီမီးခုံဆိပ်ကမ်းတွင် ကုန်တင်/ကုန်ချရန်အတွက်
RMG ကရိန်းတပ်ဆင်နေပုံ



ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝန်ကြီးများအား
MMID ဥက္ကဌ ဦးအောင်ဝင်းခိုင်မှ ဆိပ်ကမ်းအကြောင်း
ရှင်းလင်းပြောကြားနေပုံ




Mandalay Hill Resort တွင်ပြုလုပ်သောဆွေးနွေးပွဲတွင် တွေ့မြင်ရပုံ
( Opening the trade door to China and India )



ထိုင်းလေ့လာရေးအဖွဲ့မှ ဧရာဝတီ ဆီမီးခုံ ဆိပ်ကမ်းသို့
လာရောက်လေ့လာနေပုံ



ချင်းတွင်းကောလိပ်မှ တက္ကသိုလ်ကျောင်းသားများ
မန္တလေး-မြို့သာစက်မှုဥယျာဉ်သို့ လာရောက်လေ့လာနေပုံ



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းအား မြို့သာစက်မှုဥယျာဉ်မြို့တော်အကြောင်းအား
**MMID** ဥက္ကဌ ဦးအောင်ဝင်းခိုင်မှ ရှင်းလင်းတင်ပြနေစဉ်



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းအား မြို့သာစက်မှုဥယျာဉ်မြို့တော်အကြောင်းအား
**Managing Director** ဒေါက်တာ ထွန်းထွန်းအောင် မှ ရှင်းလင်းတင်ပြနေစဉ်



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းမှ မြို့သာစက်မှုဥယျာဉ်အတွင်းရှိ
ဂေါက်ကွင်းအား လာရောက်စဉ် MMID ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်မှ ရှင်းလင်းတင်ပြနေစဉ်



တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝန်ကြီး ဦးမြတ်သူ မှ
ဆီမီးခုံဆိပ်ကမ်းသို့ လာရောက်ကြည့်ရှု စစ်ဆေးစဉ်

# CHAIRMAN'S REPORT
## ဥက္ကဋ္ဌ ၏ အစီရင်ခံစာ



အစုရှယ်ယာရှင်များခင်ဗျား –

မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ယနေ့ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ (၂၈) ရက်နေ့ ကျင်းပသည့် နှစ်ပတ်လည် အစည်းအဝေးကြီးသည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောနေ့တစ်နေ့ ဖြစ်ပါကြောင်းနှင့် ယခုလို အစုရှယ်ယာရှင်များကို အစီရင်ခံ တင်ပြရသည့်အတွက် များစွာဝမ်းမြောက် ဂုဏ်ယူမိကြောင်းနှင့် တစ်ဆက်တည်း MMID ကုမ္ပဏီ၏ နှစ်ပတ်လည် အခမ်းအနားကို တက်ရောက်ချီးမြှင့်ပေးသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကိုလဲ အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ MMID အများပိုင်ကုမ္ပဏီသည် ၂၀၁၂ ခုနှစ် စီမံကိန်း စတင်စဉ်မှ ယနေ့အထိ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာမှာ အခက်အခဲများ စိန်ခေါ်မှုများနှင့် ကြုံတွေ့ခဲ့ရသော်လည်း မမိတ်မသုန်သော ဖွဲ့လုံ့လဖြင့် စိန်ခေါ်မှုများကို ကြံ့ကြံ့ခံကာ စိတ်ဓါတ် – ခွန်အား အပြည့်နဲ့ ဒါရိုက်တာအဖွဲ့ဝင်များ၊ အရာထမ်း၊ ဝန်ထမ်းများအားလုံး ကျိုးပမ်းအားထုတ်မှုကြောင့် ရှယ်ယာဝင်များပါဝင်သည့် MMID သည် ယခုကဲ့သို့အဆင့်တစ်ခုအထိ တွေ့မြင်လာရခြင်းဖြစ်ပါတယ်။ အစုရှယ်ယာရှင်များအားလည်း ၂၀၁၄ – ၂၀၁၅ ခုနှစ်တွင် အစုရှယ်ယာ အမြတ်ဝေစု ၁၀% ထုတ်ပေးခြင်း၊ ၂၀၁၅ – ၂၀၁၆ ခုနှစ်တွင် အမြတ်ရှယ်ယာဝေစု ၁၂.၅% ထုတ်ပေးခြင်းနှင့် ၂၀၁၆ – ၂၀၁၇ နှစ်မှာ တည်ဆောက်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်နိုင်ရန်နှင့် အစုရှယ်ယာရှင်များ ရေရှည်မှာ အကျိုးရှိတော့မှာကို BOD အဖွဲ့က သိမြင်ခဲ့တဲ့အတွက် အမြတ်ဝေစုအစား အစုရှယ်ယာများ တိုးပွားပေးခဲ့တာ အားလုံးအသိဘဲဖြစ်ပါတယ်။

## ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနောင့်နှေးလျက်ရှိသည့် ဤဒေသကို အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်မှ ရည်ရွယ်ပြီး ...

၂။ မန္တလေးမြို့သာစက်မှုဖွံ့ဖြိုးရေးဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံကိန်းဟာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံကိန်း (Project) ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ပိုင်ဆိုင်သည့် မြေဧက (၁၀၀၀၀) ကို Development Right ဖြင့် ကျွန်တော်တို့အများပိုင် ကုမ္ပဏီ MMID သို့ လွှဲအပ်ဆောင်ရွက်စေခြင်းသာ ဖြစ်ပါတယ်။

အစုရှယ်ယာရှင်များခင်ဗျား -

၃။ ယခု မြင်တွေ့နေရသည့် မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ မြို့သာဒေသဟာ အပူပိုင်းဇုန်ဒေသတွင် ပါဝင်ပြီး စိုက်ပျိုးဖြစ်ထွန်းမှု မရှိ၊ နိမ့်ကျနေသော ဤဒေသကြီးကို အမြန်ဆုံးဖွံ့ဖြိုး တိုးတက်လာစေရန်နိုင်ငံတော်အစိုးရ နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က “မန္တလေးမြို့သာ စက်မှုဥယျာဉ်မြို့တော်” အဖြစ် စီမံကိန်းချမှတ် ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ပါတယ်။



စက်မှုဥယျာဉ်တည်ဆောက်မည့် မူလပကတိ တည်ရှိခဲ့သော ကျောက်စရစ်ကုန်းများ၊ ကန္တာရပင်များနှင့် အောက်ခံကျောက်သားမြေများအား မြေပြင် ပြုပြင်မှုများအား တွေ့မြင်ရပုံ




MMID ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင် ကိုယ်တိုင် ကြီးကြပ်၍ ဒေသခံတောင်သူများအား မြေယာ နစ်နာကြေးငွေများ ပေးအပ်နေပုံ




စီမံကိန်းလုပ်ငန်းခွင်တွင် စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေပုံ




မန္တလေး–မြို့သာစက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံကိန်းအကောင်အထည်ဖော်ရန်
**S.C.P အဖွဲ့နှင့် စီမံကိန်းအကြောင်း ဆွေးနွေးနေစဉ်**

၄။ မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်းမစတင်မီ စီမံကိန်း၏ Master Plan ကို နိုင်ငံခြားကုမ္ပဏီဖြစ်သော SCP မှ ရေးဆွဲခဲ့ပြီး အပိုင်းအလိုက် Phase to Phase စနစ်ဖြင့် ဆောင်ရွက်ရန် လျာထားခဲ့ပါတယ်။ လျာထားသည့်စီမံကိန်းအား စတင်ဆောင်ရွက်ရန် မန္တလေး–မြို့သာ စက်မှုဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီ MMID အနေဖြင့် ၂၀၁၂–၂၀၁၃ ခုနှစ် များတွင် အစုရှယ်ယာများ ပါဝင်ရန် ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ပြည်တွင်း/ ပြည်ပ ချေးငွေများ ရရှိရေးကိုလည်း တောင်းခံခဲ့ပါသည်။ သို့သော် ပြည်တွင်း/ပြည်ပ ချေးငွေများ ရရှိခြင်းမရှိ၍ ဆက်လက် အကောင်အထည်ဖော်ရန် အခက်အခဲရှိလာခဲ့ပါသည်။ ထိုအခက်အခဲများ အပေါ် ၂၀၁၄ ခုနှစ်တွင် Royal Hi-Tech Group Co.,Ltd. (RHGC) မှ လိုအပ်နေသော ငွေကြေးဆိုင်ရာ ထောက်ပံ့မှုများကို နိုင်ငံတော်က သတ်မှတ်သည့် အတိုးရာဘဏ်နှုန်းထားများအတိုင်း RHGC မှ ပိုင်ဆိုင်ထားသည့် Property ပစ္စည်း ဥစ္စာများကို ဘဏ်သို့အပ်နှံ၍ High Risk ယူပြီး စွန့်စားပံ့ပိုးဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းကဲ့သို့ RHGC ၏ပံ့ပိုးဆောင်ရွက်ပေးမှု ကြောင့်လည်း MMID အနေဖြင့် ဆက်လက်ရပ်တည်နိုင်ခွင့်ရရှိခဲ့သည့်အတွက် RHGC အား အထူးကျေးဇူးတင်ရှိပါကြောင်းကိုလည်း ပြောကြားလိုပါတယ်။


GEO-STRATEGIC LOCATION
INDIA
CHINA
THAILAND
Myitkina
Tamu
Bhamo
Muse
AH14
AH1
KaLay
Lashio
Sagaing
Monywa
MANDALAY
Myingyan
MMID
AH1(2)
AH3
Meikila
AH2
Magwe
Nay Pyi Taw
Kyaukpyu
AH1
Prome
Yangon
Road
River way
Railway
Airport




မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်း **MASTER PLAN** အား တွေ့မြင်ရပုံ




မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်း **LOCATION MAP** အား တွေ့မြင်ရပုံ

ရှယ်ယာရှင်များခင်ဗျား -

၅။ ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်ရာမှာ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၏ အခြေခံ Infrastructure များ တည်ဆောက်ခြင်းသည် အဓိကကျပါတယ်။ ပူပြင်းခြောက်သွေ့ပြီး လမ်းပန်းဆက်သွယ်မှု၊ ခက်ခဲမှုများအပေါ် သွားလာမှုလွယ်ကူစေရန် စီမံကိန်းဧရိယာအတွင်းလမ်းများ ဖောက်လုပ်ခြင်း ဆောင်ရွက်ခဲ့ရာ ပေ (၆၀) မှ ပေ (၂၀၀) အထိရှိသည့် မြေသားလမ်း (၈၁) ကီလိုမီတာနှင့် (၁၈) ပေအကျယ် (၂) လမ်းသွားကွန်ကရစ်လမ်း (၄.၂) ကီလိုမီတာ၊ အရှည် (၂၄) ပေ အကျယ် ကတ္တရာလမ်း၊ အရှည် (၄.၄) ကီလိုမီတာနှင့် (၁၈) ပေ (၂) လမ်းသွား ကတ္တရာ လမ်း (၅ .၂) ကီလိုမီတာတို့ ဆောက်လုပ်ပြီးစီးခဲ့ပြီး ယခုဆိုလျှင် စီမံကိန်းနယ်မြေသာမက ကျေးရွာများမှ မြို့တော်ဆီသို့ပင် နေ့စဉ်အသုံးပြုသွားလာနေသည်ကို လက်တွေ့မြင်တွေ့နေရပြီ ဖြစ်ပါတယ်။



ပင်မအဝင် ကွန်ကရစ်လမ်းမကြီးအားတွေ့မြင်ရပုံ

# စီမံကိန်းတစ်ခု စတင်ဆောင်ရွက်ရန် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၏ အခြေခံ Infrastructure များ တည်ဆောက်ခြင်းသည် အဓိကကျ ...



မန္တလေး-မြို့သာစက်မှုဥယျာဉ် စီမံခန့်ခွဲရေးရုံးအား တွေ့မြင်ရပုံ




စက်မှုဥယျာဉ် ပင်မဂိတ်အား တွေ့မြင်ရပုံ

## မြို့သာစက်မှုဥယျာဉ်အတွင်း တည်ဆောက်ပြီးသော Shophouse များအား တွေ့မြင်ရပုံ








မြို့သာစက်မှုဥယျာဉ်အတွင်း တည်ဆောက်ပြီးသော **Shophouse** များအား တွေ့မြင်ရပုံ











မြို့သာစက်မှုဥယျာဉ်အတွင်း တည်ဆောက်ပြီး **Residential** အဆောက်အဦးများအားတွေ့မြင်ရပုံ



မြို့သာစက်မှုဥယျာဉ်အတွင်း တည်ဆောက်ပြီး **Residential** အဆောက်အဦးများအားတွေ့မြင်ရပုံ




တည်ဆောက်ပြီး MIDCC ရုံးအားတွေ့မြင်ရပုံ



မြို့သာစက်မှုဇုန်အတွင်း တည်ဆောက်ပြီး Residential အဆောက်အဦးများအားတွေ့မြင်ရပုံ

၆။ စီမံကိန်းတည်ရှိရာ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ မြို့သာဒေသသည် ပူပြင်းခြောက်သွေ့ပြီး မိုးခေါင်ရေရှားဖြစ်မှုအပေါ် ဒေသခံများသည် ရွှေကိုမလို၊ ရေကိုသာအလိုရှိသော ဒေသဖြစ်ပါတယ်။ စီမံကိန်းဧရိယာအတွင်း စိမ်းလန်းစိုပြေစေရန်နှင့် ရေရရှိရေး ဆောင်ရွက်ခဲ့ရာ ဧရာဝတီမြစ်တွင်းမှ ရေကိုသွယ်ယူပြီး အလျား (၁၇.၉၈) ကီလိုမီတာ၊ အချင်း (၁)ပေ ရှိသော Pontoon ပိုက်ကြီးများဖြင့် ရေပိုက်လိုင်းများ သွယ်တန်းခဲ့ရာ အမေရိကန် ဒေါ်လာ (၃) သန်းခန့်ကုန်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် လုပ်ငန်းများပြီးစီးခဲ့ပါတယ်။ ရေရရှိခြင်းကြောင့် စီမံကိန်းမှာ ယခုလက်ရှိ အသုံးပြုနေပြီဖြစ်သည့်အပြင် စီမံကိန်းအနီး ပတ်ဝန်းကျင်ဒေသများပါ စိမ်းလန်းစိုပြေလာသည်ကို တွေ့နေရပါတယ်။



ဧရာဝတီမြစ်မှ စက်မှုဥယျာဉ်သို့ ရေပေးရေး ဆောင်ရွက်နေမှုလုပ်ငန်းစဉ်အား
တွေ့မြင်ရပုံ

၇။ အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် အဓိကလိုအပ်ချက်မှာ လျှပ်စစ်စွမ်းအင်ဖြစ်ပါတယ်။ သို့ပါ၍ လိုအပ်သော လျှပ်စစ်စွမ်းအင် ရရှိရေးအတွက် ကြိုးပမ်းခဲ့ရာ စက်မှုဥယျာဉ်အတွင်း (၂၆) ကီလိုမီတာ၊ မြို့သာမှ စက်မှုဥယျာဉ်သို့ (၁၁) ကီလိုမီတာ၊ ကုက္ကဲကျေးရွာမှ စက်မှုဥယျာဉ်သို့ (၂၁) ကီလိုမီတာ Transmission ဓါတ်အားလိုင်းများ တည်ဆောက်ပေးနိုင်သည့်အပြင် 66/11 KV, 20 MVA sub-station ဓါတ်အား ခွဲရုံ တစ်ခုနှင့် ကုက္ကဲကျေးရွာ ဓါတ်အားခွဲရုံတစ်ခုပါ ၂၀၁၆ ခုနှစ် အတွင်းကအပြီး တည်ဆောက်ခဲ့တဲ့အတွက် စီမံကိန်းလုပ်ငန်းခွင်သာမက အနီးပတ်ဝန်းကျင်ကျေးရွာများပါ မီးလင်းပြီး လူမှုစီးပွားများဖွံ့ဖြိုး တိုးတက်လာတာကို တွေ့ရပါတယ်။



လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုအား တွေ့မြင်ရပုံ

အစုရှယ်ယာရှင်များခင်ဗျား -

၆။ စက်မှုဉယျာဉ်တည်ဆောက်ခြင်းနှင့်အတူ စီမံကိန်းနှင့် ဆက်စပ်လျက်ရှိသော ဧရာဝတီ ဆီမီးခုံဆိပ်ကမ်း စီမံကိန်းတစ်ခုပါတည်ဆောက်ပြီး ကုန်စည်စီးဆင်းမှုလျင်မြန်ချောမွေ့ ပို့ဆောင်စေရန် စီစဉ်ဆောင်ရွက်ခဲ့ရာ စီမံကိန်း၏ ပထမပိုင်းအဖြစ် Domestic Port တစ်ခုကိုလည်း တည်ဆောက်ပြီးစီးခဲ့ပါတယ်။ ဒါ့အပြင် တန် (၅၀)Crane တပ်ဆင်ထားသည့် ပေ (၄၀) Container များ ကုန်တင်ကုန်ချပြုလုပ်ပေးနိုင်သော Pontoon Crane Barge ကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့က အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့လို့ ဆိပ်ကမ်း ကုန်တင်ကုန်ချလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်းနဲ့ မကြာခင်ကာလမှာ ပြည်နယ်တိုင်းများမှ ကုန်သေတ္တာများ၊ ဒေသတွင်းကုန်ပစ္စည်းများ အဆင်ပြေချောမွေ့စွာ ပို့ဆောင် နိုင်တော့မည် ဖြစ်ပါတယ်။

## MANDALAY SEMEIKHON PORT



တည်ဆောက်ပြီးစီးသွားသော ဆီမီးခုံဆိပ်ကမ်စီမံကိန်းအား တွေ့မြင်ရပုံ




ဆိပ်ကမ်း ပင်မဂိတ်အား တွေ့မြင်ရပုံ



ဆိပ်ကမ်း ပင်မဂိတ် **RMG Crane** အား တွေ့မြင်ရပုံ



**Container** အတင်အချ စမ်းသပ်ပြုလုပ်နေစဉ် တွေ့မြင်ရပုံ






ကုန်တင် ကုန်ချပြုလုပ်ရန် အသင့်အနေအထားတွင် ရှိနေသော **Pontoon Crane** အား တွေ့မြင်ရပုံ


Royal SMP





မြန်မာနိုင်ငံတွင်ပထမဦးဆုံးသော တန်-၅၀ **Pontoon Crane** ဖြင့် ကုန်တင်၊ ကုန်ချ လုပ်ငန်းများစတင်ဆောင်ရွက်နေမှုအား တွေ့မြင်ရပုံ
















ကုန်တင်/ကုန်ချပြုလုပ်ရန်အတွက် RMG Crane တည်ဆောက်နေပြီး စမ်းသပ်ဆောင်ရွက်နေမှုအား တွေ့မြင်ရပုံ





၉။ ယနေ့ စီမံကိန်းတစ်ခု၊ Project တစ်ခု တည်ဆောက်ရာတွင် နိုင်ငံတကာမှ သတ်မှတ်စံနှုန်းများ ရှိရာ ထိုစံနှုန်းများနှင့်အညီ ဒေသခံများ၊ ပြည်သူများနှင့် ပတ်ဝန်းကျင်ဆိုင်ရာကိစ္စများကို မေ့လျော့မထားဘဲ ဆိပ်ကမ်းစီမံကိန်းနှင့် ပတ်သက်သည့် ကျေးရွာများနေ ပြည်သူလူထုနှင့် ထိတွေ့ပြီး စီမံကိန်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များပေးပို့ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်သည့် အခြေအနေနှင့် လူမှုဝန်းကျင်ဆိုင်ရာများကို MSMP ကုမ္ပဏီမှ ကွင်းဆင်းဆွေးနွေးထိတွေ့မှုများ၊ စစ်တမ်းများကောက်ယူမှုများ ပြုလုပ်ပြီး ပြည်သူလူထုနှင့် ထိတွေ့ခဲ့သည့်အပြင် ဆုံရွာ၊ ကွေ့ကြီး အခြေခံ ပညာအထက်တန်းကျောင်းခွဲ၊ ဆီမီးခုံ အခြေခံပညာအထက်တန်းကျောင်းများတွင် ပညာဒါန အင်္ဂလိပ်စာ သင်တန်းများပါ ဖွင့်လှစ်ပြီး လူမှုအကျိုးပြု (CSR) လုပ်ငန်းများ လုပ်ပေးနိုင်ခဲ့ပါတယ်။ ထို့အပြင် ကျေးရွာ (၅၈) ရွာ မီးလင်းရေး လုပ်ငန်းများအတွက် ကုတ္တဲ ဓါတ်အားခွဲရုံ တစ်ခုတည်ဆောက်ပေးခြင်း နှင့်အတူ ကျေးရွာချင်းဆက်လမ်းများ၊ တံတားများ ဆောက်လုပ် ပေးခြင်းအပြင်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သာသနာရေးဆိုင်ရာ ကိစ္စများပါ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

အစုရှယ်ယာရှင်များခင်ဗျား –

၁၀။ MMID စက်မှုဥယျာဉ်အတွင်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမှုနှင့် လုပ်ငန်းလည်ပတ် နေမှုကို တင်ပြလိုပါတယ်။ ယခုဆိုလျှင် စီမံကိန်းဧရိယာအတွင်း အင်ဒိုနီးရှားနိုင်ငံမှ JAPFA အစာစပ်စက်ရုံ၊ ဟောင်ကောင်မှ ပြည်ပ Export သစ်ပါးလွှာစက်ရုံ၊ တရုတ်နိုင်ငံမှ Snow Cookie ဘီစကွတ်မုန့်စက်ရုံ၊ ထိုင်းနိုင်ငံမှ ကွန်ကရစ်လုပ်ငန်း စက်ရုံနှင့် ထိုင်ဝမ်မှ ဖိနပ်စက်ရုံများ တည်ဆောက်လည်ပတ်နေပြီ ဖြစ်ပါတယ်။ ဆက်လက်၍လည်း တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်အတွင်းက Baoshan ပြည်နယ်ခွဲမှ မြေဧက (၁၁၃) ဧကပေါ်မှာ လူသုံးကုန်ပစ္စည်းစက်ရုံများ၊ လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများ၊ ကုန်လှောင်ရုံများ၊ ရုံးများနှင့် ဝန်ထမ်းအိမ်ယာများ ဆောက်လုပ်သွားမည်ဖြစ်ပြီး ယခုလုပ်ငန်း များစတင် ဆောင်ရွက်နေပြီဖြစ်ပါတယ်။

**ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လျှက်ရှိပြီး ကုန်ထုတ်လုပ်ငန်းများ စတင်လည်ပတ်နေ ...**

## MYANMAR-THAI JV CEMENT PRODUCT FACTORY







**Myanmar-Thai JV Cement Product Factory ကွန်ကရစ်စက်ရုံ တည်ဆောက်ပြီးစီးမှုနှင့် ကွန်ကရစ်တိုင် ထုတ်လုပ်နေမှုအား တွေ့မြင်ရပုံ**







**Hong Kong - Lotus Veneer Plywood Factory** အထပ်သားစက်ရုံ တည်ဆောက်ပြီးစီးမှုနှင့် ကုန်ချောထုတ်လုပ်နေမှုအား တွေ့မြင်ရပုံ










G-4
JAPFA
JAPFA
G-3
JAPFA
JAPFA
G-2
JAPFA
JAPFA
NISSAN
DIESEL



Indonesia - JAPFA ၏ မွေးမြူရေးအစာစပ် ပထမစက်ရုံ တည်ဆောက်ပြီးစီးမှု၊ ကုန်ချောများထုတ်လုပ်နေမှုအား တွေ့မြင်ရပုံ













စက်မှုဥယျာဉ်အတွင်းရှိ Indonesia - JAPFA ၏ မွေးမြူရေးအစာစပ် ဒုတိယစက်ရုံ တည်ဆောက်နေမှုအား တွေ့မြင်ရပုံ












ZW-100E

**Snow Cookie Factory - Yunan Dingwan Food Co., Ltd. ဘီစကွတ်စက်ရုံ တည်ဆောက်ပြီးစီးမှုအား တွေ့မြင်ရပုံ**








MYO



**No 3 Avenue Gate နှင့် Mandalay Baoshan Myotha Industrial Development Co.,Ltd ၏ First Phase + Conceptual Plan အား တွေ့မြင်ရပုံ**












## Mandalay Baoshan Myotha Industrial Development Co.,Ltd ၏ ကျွမ်းကျင်လုပ်သားအိမ်ရာများ စတင်ဆောက်လုပ်ပြီးစီးမှုအား တွေ့မြင်ရပုံ





၁၁။ အလားတူ မြို့တော်စက်မှုဥယျာဉ် အင်္ဂါရပ်နှင့်အညီ အမေရိကန်နိုင်ငံမှ ဒီဇိုင်းရေးဆွဲပြီး အမေရိကန်နိုင်ငံသား Mr.Blayne က ကြီးကြပ်၍ နိုင်ငံတကာအဆင့်မှီ (၁၈) ကျင်းပါ ဂေါက်ကွင်းဖောက်လုပ်လျှက်ရှိရာ ပြီးစီးပြီဖြစ်၍ မကြာမီ ဖွင့်လှစ်နိုင်တော့မည် ဖြစ်ပါတယ်။



Golf ကွင်း တည်ဆောက်ပြီးစီးမှုမြင်ကွင်း

စက်မှုဥယျာဉ်မြို့တော်စီမံကိန်းနှင့် ဆီမီးခုံ ရောဝတီဆိပ်ကမ်း စီမံကိန်းများအပါအဝင် ငွေကြေး သုံးစွဲမှုများနှင့် ပတ်သက်၍ အကျဉ်းချုပ်တင်ပြရလျှင် ၂၀၁၂ ခုနှစ်၊ စီမံကိန်းစတင်သည်မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ အထိ ငွေကြေးရင်းနှီးမြှုပ်နှံသုံးစွဲမှုမှာ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု (Local Investment) မှာ ၇၆. ၀၄ ဘီလီယံ၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု Foreign Investment မှာ ၆၄ ဘီလီယံ နှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု (JV Investment ) မှာ ၃၀.၂ ဘီလီယံ ရှိ၍ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု အနေဖြင့် ၁၇၀. ၂၄ ဘီလီယံ ရှိခဲ့ပါသည်။ စီမံကိန်းမြေ ရောင်းချရမှုမှာ ၂၅. ၅၆ ဘီလီယံ သာ ရှိခဲ့ကြောင်းတင်ပြလိုပါတယ်။





ဂေါက်ကွင်း တည်ဆောက်နေစဉ် တွေ့မြင်ရပုံ



တည်ဆောက်ပြီးစီးသော ဂေါက်ကွင်းအတွင်း အလုပ်လုပ်ကိုင်နေသော ဒေသခံများအား တွေ့မြင်ရပုံ

မြန်မာနိုင်ငံမြေပုံအတွင်း သီးခြား **Golf Estate** မြို့လေးတခုအဖြစ် တွေ့မြင်ရပုံ



# MYOTHA NATIONAL GOLF CLUB MASTER PLAN



## ဂေါက်သီး ချန်ပီယံ ဦးကြည်လှဟန်နှင့်အဖွဲ့ Golf စမ်းသပ်လေ့ကျင့် ကစားနေစဉ်











## Driving Range/ Club House တည်ဆောက်ခြင်းလုပ်ငန်းခွင်












ရှယ်ယာရှင်များခင်ဗျား -

၁၂။ **MMID ၏ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တင်ပြရရင် -**

(၁) 66 KVA Transmission Line ကို ၂၀၁၈ ခုနှစ်၊ မေလအတွင်း စတင်တည်ဆောက်သွားပါမည်။
(၂) 11 KVA Line ကိုလည်း ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် စတင်တည်ဆောက်သွားပါမည်။
(၃) 400 Low Tension Line အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်တည်ဆောက်သွားပါမည်။
(၄) 20 MVA Sub Station အား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် စတင်တည်ဆောက်သွားပါမည်။
(၅) Phase II အတွင်း Housing & Shophouse များအား ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် စတင်တည်ဆောက်သွားပါမည်။



(၆) Myotha International Golf အိမ်ယာစီမံကိန်းကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် စတင်တည်ဆောက်သွားပါမည်။

(၇) မြို့သာ စက်မှုဥယျာဉ်မြို့တော်အတွင်း Concrete Road အချို့အား ၂၀၁၈ ခုနှစ်၊ မတ်လတွင် စတင်တည်ဆောက်သွားပါမည်။

(၈) လိုအပ်သည့် Drainage အချို့အား ၂၀၁၈ ခုနှစ်၊ မေလတွင် စတင်တည်ဆောက်သွားပါမည်။

(၉) မြို့သာစက်မှုဥယျာဉ်မြို့တော်အတွင်းလိုအပ်သည့် မြေယာပြုပြင်ခြင်းလုပ်ငန်းနှင့် မြေသားလမ်းများအား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ဆောင်ရွက်သွားပါမည်။

(၁၀) International Golf Course တွင် Golf Estate Hotel များအား ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် စတင်တည်ဆောက်သွားပါမည်။

(၁၁) Wastewater Treatment တည်ဆောက်ခြင်းကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် စတင်တည်ဆောက်သွားပါမည်။



**Golf Estate Housing, Residential Housing, Conceptual Drawing အဆောက်အဦးများအားတွေ့မြင်ရပုံ**

၁၃။ အစုရှယ်ယာဝင်များခင်ဗျား အချုပ်အားဖြင့် တင်ပြလိုတာကတော့ MMID အများပိုင် ကုမ္ပဏီသည် စီမံကိန်းစတင်သည့် ၂၀၁၃ ခုနှစ်မှ ယနေ့ထိ –

(၁) စီမံကိန်းအတွက် လိုအပ်သည့် Infrastructure များဖြစ်သည့် မြေသားလမ်း၊ ကွန်ကရစ်လမ်း၊ ကတ္တရာ အဆင့်လမ်းများ ဖောက်လုပ်ခြင်းလုပ်ငန်း၊ လျှပ်စစ်စွမ်းအင်ရရှိရေးနှင့် ဓါတ်အားလိုင်းများ သွယ်–တန်းခြင်း လုပ်ငန်းများနှင့် မရှိမဖြစ် ရေရရှိရေးလုပ်ငန်းများပါ ဆောင်ရွက်နိုင်ခဲ့ခြင်း။

(၂) စီမံကိန်းနှင့် ဆက်စပ်လျှက် ဆီမီးခုံဆိပ်ကမ်း (ဧရာဝတီ) တွင် တန် (၅၀) Crane တပ်ဆင်ထားပြီး ပေ (၄၀) Container များ တင်ချပြုလုပ်နိုင်သည့် Pontoon Crane Barge တပ်ဆင်ပြီး လုပ်ငန်း များ စတင်နိုင်ခြင်း။

(၃) စီမံကိန်းအတွင်း Japfa အစာစပ်စက်ရုံ၊ ပြည်ပ Export သစ်ပါးလွှာစက်ရုံ၊ ဘီစကွတ်မုန့်စက်ရုံ၊ ကွန်ကရစ်စက်ရုံ နှင့်ဖိနပ်စက်ရုံများ အပါအဝင် စက်ရုံနှင့်လုပ်ငန်းပေါင်း(၅)ခုထိ ရင်းနှီးမြှုပ်နှံလည်ပတ် နေပြီး မကြာမီ ဖွင့်လှစ်တော့မည့် နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်း (၁) ကွင်းအပြင် ယူနန်ပြည်နယ် ခွဲမှအဆောက်အဦးများ ဆောက်လုပ်နေပြီဖြစ်ခြင်း။

(၄) ပြည်တွင်းပြည်ပ Investor များမှ စက်ရုံအလုပ်ရုံများ၊ လာရောက်ရင်းနှီးမြှုပ်နှံလာခြင်း နှင့်အတူ ဆိပ်ကမ်း စီမံကိန်းလုပ်သား (၄၀) ဦး၊ စက်မှုဥယျာဉ်စီမံကိန်းတွင် (၁၀၀၃) ဦး၊ဂေါက်ကွင်း ဧရိယာ စီမံကိန်းတွင် (၃၃၉)ဦး တို့အား အဆင့်မြင့်ဝန်ထမ်း နေရာအပါအဝင် ဝန်ထမ်းများ၊ လုပ်သားများ စုစုပေါင်း (၁၃၈၂) ဦး ဒေသခံများ အလုပ်အကိုင်ရှိနေခြင်း။

(၅) MMID စီမံကိန်းကြောင့် စီမံကိန်းဧရိယာနှင့် ဆက်စပ်လျှက်ရှိသည့် ကျေးရွာများသည် လမ်းပန်းဆက် သွယ်ရေး ကောင်းမွန်လာမှုကြောင့် ယာဉ်လိုင်းများ၊ ကျေးရွာသုံးယာဉ်များ ပုဂ္ဂလိကယာဉ်များ ရာသီမရွေး နေ့/ညသွား လာနေပြီး တစ်နေ့ ယာဉ်သွားလာမှုမှာ (၉၇)စီး အထိ အသုံးပြု နေပြီဖြစ်ခြင်း။

(၆) မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ မြို့သာဒေသသည် ယခင်က ရွှေကိုမလို ရေကိုသာလိုသည့် မိုးခေါင်ရေရှား ဖြစ်ခဲ့သော်လည်း ယခုအခါ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် MMID တို့၏ ပူးပေါင်းဆောင်ရွက်မှု ကြောင့် ရေများရရှိကာ စိမ်းလန်းစိုပြေလာပြီး နေချင်စဖွယ် ဥယျာဉ်မြို့တော် ဖြစ်လာခြင်း။

(၇) လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာများ အချိန်နှင့် တစ်ပြေးညီ သွားလာနိုင်၍ ပတ်ဝန်းကျင်ကျေးရွာများ လူမှုဘဝမြင့်မားလာခြင်း။

(၈) MMID၏ မြို့သာစက်မှုဥယျာဉ်ကြီးသည် မကြာမီကာလအတွင်း အဆင့်မြင့်လမ်းများ၊ မီးများ၊ အိမ်ယာများ၊ Shophouse များ၊ Residential များ၊ အပန်းဖြေဥယျာဉ်များ၊နိုင်ငံတကာ ဂေါက်ကွင်း များပါပြီးစီးလာပါက မန္တလေးတိုင်းဒေသကြီး၏ အပန်းဖြေစရာ နေရာတစ်ခုဖြစ်လာခြင်း။

## နောင်တွင် ဖြစ်ပေါ်လာမည့် စက်မှုဥယျာဉ်မြို့တော်နှင့် ဆိပ်ကမ်းတိုးချဲ့ဧရိယာအတွင်းရှိ **Port Link Road** လမ်းနှင့်အိမ်ရာ၊ လူနေဆိုင်ခန်းပုံစံများအား တွေ့မြင်ရပုံ
















နောင်တွင်ဖြစ်ပေါ်လာမည့် မြို့သာစက်မှုဥယျာဉ်အတွင်းရှိ **Shophouse** အဆောက်အဦးများအားတွေမြင်ရပုံ



ဂေါက်ကွင်း ဧရိယာအတွင်း တည်ဆောက်မည့် **Housing Estate** ပုံစံအား တွေမြင်ရပုံ





အစုရှယ်ယာရှင်များခင်ဗျား နိဂုံးချုပ်အနေဖြင့်တင်ပြလိုတာကတော့ –

၁၄။ ယနေ့ကာလသည် ပြည်သူက ရွေးကောက်တင်မြှောက်သည့် အစိုးရဖြစ်သည် နှင့်အညီ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးကို ရှေးရှုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ပေါ်ပေါက်ရေးနှင့်အတူ ပြည်သူအများ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးကို စိန်ခေါ်မှုများစွာထဲမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေချိန် ဖြစ်ပါသည်။ တစ်ဖက်မှလည်း ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ပြည်တွင်းသို့ပိုမိုစီးဝင်ရန် ဆွဲဆောင်စည်းရုံးလျှက်ရှိပြီး အလုပ်အကိုင် အခွင့်အလမ်းများအား ရရှိစေရန် ဖော်ဆောင်နေသောအချိန်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ယုံကြည်မှုဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများကိုလည်း ကျေးဇူးတင်ပါသည်။ တန်ဖိုးရှိသော အကြံဉာဏ်များနှင့် အမြော်အမြင်ရှိစွာ တိုင်ပင်ဆွေးနွေးပေးခဲ့ကြသော ဒါရိုက်တာ အဖွဲ့ဝင်များ၊ အရာရှိများနှင့်ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ပါသည်။ နောက်နောင်တွင်လည်း ထိန်းသိမ်း ပဲ့ကိုင်၍ ဝန်ထမ်းများ၏ အင်အားများဖြင့် ဆက်လက်ချီတက်နိုင်ပါလိမ့်မည်ဟု မျှော်လင့်ပါသည်။

၁၅။ MMID အများပိုင်ကုမ္ပဏီ၏ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ကြသော ပြည်တွင်းပြည်ပ Investor များကိုလည်း ကျေးဇူးတင်ကြောင်းနှင့် ယနေ့ MMID ကုမ္ပဏီက ဆောင်ရွက်နေသော မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ မန္တလေးမြို့သာစက်မှု ဖွံ့ဖြိုးရေးဥယျာဉ်စီမံကိန်းကြီးအား ဖွံ့ဖြိုးတိုးတက်စေရန် MMID ၏ပုံရိပ် (Image) ကောင်းများနှင့်အတူဖွဲ့လုံ့လအပြည့်ဖြင့် ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

ဦးအောင်ဝင်းခိုင်
ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်

# BOARD OF DIRECTORS

## ဒါရိုက်တာအဖွဲ့ဝင်များ



### ဦးအောင်ဝင်းခိုင်

ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်

ဦးအောင်ဝင်းခိုင်သည် မြန်မာတိုင်းရင်းသား တစ်ဦးဖြစ်ပြီး ရှမ်းပြည်နယ် မြောက်ပိုင်း၊ ဟိုပန်မြို့နယ်၊ ကျင်ချန်းကျေးရွာ၌ ၁၉၄၅ ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။ ၁၉၅၄ ခုနှစ်မှစ၍ ကွတ်ခိုင်မြို့ Stella Maris High School Mission ကျောင်းတွင် ပညာသင်ကြားခဲ့ပါသည်။ ၁၉၅၉ ခုနှစ်မှ ၁၉၆၃ ခုနှစ်အတွင်း GD-Angle High School, St.Albert Brother High School နှင့် ၁၉၆၄ခုနှစ် St.Joseph High School ကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့ပါသည်။ ၁၉၆၅ ခုနှစ်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကိုးကန့်ဒေသရှိ မိဘများထံပြန်လာခဲ့ပြီး ဟိုပန်မြို့နယ်၊ ပန်လုံမြို့တွင် လယ်ယာနှင့် လုပ်ငန်းပေါင်းစုံသမဝါယမ အသင်း (လလသသ)တွင် အတွင်းရေးမှူး တာဝန်ကို ဝန်ထမ်းအဖြစ် ထမ်းဆောင်ခဲ့ပါသည်။ ၁၉၆၇ ခုနှစ်တွင် နယ်မြေအေးချမ်းမှု မရှိခြင်းကြောင့် ၁၉၆၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် မန္တလေးမြို့ အောင်တော်မူ ရပ်ကွက်သို့ ရွှေ့ပြောင်း အခြေချနေထိုင်ခဲ့ပြီး မိသားစု၏မိရိုးဖလာ ကိုးကန့်လက်ဖက်လုပ်ငန်းပွဲရုံကို ဆက်လက်လုပ်ကိုင်ခဲ့ပါသည်။

၁၉၈၂ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ နိုင်ငံခြား ကုမ္ပဏီဖြစ်သည့် RCC Red Chamber Company (USA)၊ Wood Craft Company (India), Lunsum Co.,Ltd (Thailand) စသော ကုမ္ပဏီတို့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် (Representative) အဖြစ် တာဝန်ယူပြီး ရန်ကုန်မြို့တွင် ရေလုပ်ငန်းဝန်-ကြီးဌာန နှင့် သစ်တောဝန်ကြီးဌာန တို့တွင် သစ်လုပ်ငန်းနှင့် ရေငံပုဇွန် Export လုပ်ငန်း အတွက် (၈)နှစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏စီးပွားရေးကို Market Oriented Economic System စနစ်အဖြစ် ပြောင်းလဲပြုပြင်သည့် အချိန်တွင် ရန်ကုန်မှ မန္တလေးသို့ ပြန်လာပြီး ၁၉၉၀ ခုနှစ်တွင် Hi-Tech Forest Industry ကုမ္ပဏီကို တည်ထောင်ပြီး သစ်အချောထည်စက်ရုံ တည်ဆောက်၍ 90% Export လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၀ ခုနှစ်တွင် UNDP ၏ Sponsor ဖြင့် ရန်ကုန်တွင် ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် International Trading Business, Management, GSP-Preference သင်တန်းများကို တက်ရောက် အောင်မြင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဦးစီးသော ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရပြီး အနောက် ဥရောပနိုင်ငံများသို့ ၂၆ ရက်ကြာ Trade Study Tour သွားရောက်လေ့လာခဲ့ပါသည်။ ခရီးစဉ်မှ ပြန်လည် ရောက်ရှိချိန်တွင် ၁၉၉၀ ခုနှစ်၌ စာတမ်းတစ်စောင် ပြုစု၍ မန္တလေးတိုင်းအစိုးရအဖွဲ့သို့ တင်ပြရာ ၁၉၉၀ ခုနှစ်တွင်ပင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မန္တလေးစက်မှုဇုန်ကို စတင်တည်ထောင်နိုင်ခဲ့၍ စီမံခန့်ခွဲရေး ကော်မတီတွင်ပါဝင်ခဲ့ပြီး ဥက္ကဋ္ဌ တာဝန်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ တစ်ဆက်တည်း တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် မန္တလေးစက်မှုဇုန် ပိုမို ဖွံ့ဖြိုးတိုးတက် အောင်မြင်စေရန်အတွက် ကော်မတီအသစ်ကို ပြန်လည်ဖွဲ့စည်း ဆောင်ရွက် စေခဲ့ပါသည်။ လက်ရှိတွင် ဂုဏ်ထူးဆောင် နာယကအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ၁၉၉၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမ ဦးဆုံးသော တိုင်းရင်းသား ပုဂ္ဂလိကပိုင် မြန်မာဆင် Hi-Tech ဘိလပ်မြေ စက်ရုံကိုတည်ဆောက်ခဲ့ပြီး MCICL ကုမ္ပဏီတွင် လက်ရှိအချိန်ထိ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက် ရှိသည်။ ၂၀၀၅ ခုနှစ်တွင် နိုင်ငံတော်၏ စီမံကိန်းတစ်ခုဖြစ်သော သံရေကြို စက်ခုတ်စား ပုံလောင်းပုံဖိစက်ရုံ MRIC ကုမ္ပဏီတွင် BOD ဥက္ကဋ္ဌအဖြစ် ယခုအချိန်အထိ တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။ ၁၉၉၃ ခုနှစ်မှ ၂၀၁၅ခုနှစ်အထိ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်း (MRCCI) တွင် ဒု-ဥက္ကဋ္ဌအဖြစ် (၁၀)နှစ်၊ ဥက္ကဋ္ဌအဖြစ် (၁၂)နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် New Blood လူငယ်များဖြင့် Reform အသစ်ဖွဲ့စည်းပြီး ဂုဏ်ထူးဆောင် နာယက အဖြစ် ယခုအချိန်ထိ ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာပြည်အလယ်ပိုင်း မိုးခေါင်ရေရှား ရပ်ဝန်းအတွင်း ဖွံ့ဖြိုးရေးနိမ့်ကျသည့် ဒေသကို လူမှုစီးပွားဘဝ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်၏လမ်းညွှန်မှုဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံကိန်းကြီးဖြစ်သော မန္တလေး-မြို့သာစက်မှုဥယျာဉ် မြို့တော် နှင့် ဆီမီးခုံ ရေဝတီ ဆိပ်ကမ်းကို ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်ရန် Master Developer အဖြစ် တာဝန်ယူပြီး MMID အများပိုင်ကုမ္ပဏီ လီမိတက်ကို ၂၀၁၃ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ဖွဲ့စည်းပြီး ကုမ္ပဏီ၏ Executive Chairman & C.E.O အဖြစ် ယခု-အချိန်အထိ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။



**ဒေါက်တာထွန်းထွန်းအောင်**
Managing Director

ဒေါက်တာ ထွန်းထွန်းအောင် သည် MBBS နှင့် MBA ( University of Thai Chamber of Commerce-UTCC ဘွဲ့ရ တစ်ဦးဖြစ်၍ Royal Hi-Tech Group of Company ၏ Director, Hi-Tech Forest Industries Co., Ltd & Mandalay Cement Industrial Co.,Ltd. ကုမ္ပဏီတို့၏ အမှုဆောင် ဒါရိုက်တာ ဖြစ်ပါသည်။ မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော Pacific Asia Hi-Tech Group of Companies, Asia Speed Construction Co.,Ltd, Asia Speed General Services Co.,Ltd, Asia Bright Way I.T Co.,Ltd., Inn Gyin Phyu Hospital, Pacific Elecric Co.,Ltd. များအား တည်ထောင်ဖွဲ့စည်း ဦးစီးဆောင်ရွက် လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီး ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၏ ဒုဥက္ကဋ္ဌ အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။



**ဦးကျော်ပိုင်**
Vice Chairman

ဦးကျော်ပိုင်သည် ၁၉၇၄ ခုနှစ်တွင် BA (Law) LLB ဘွဲ့ရရှိပြီး ၁၉၉၁ အထိ ဗဟိုတရားရုံးရှေ့နေ အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၁ မှ ၂၀၁၄ ထိ SPA/FMI group of companies Managing Director အဖြစ်လည်းကောင်း YOMA Bank ရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပါသည်။ မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင် အသင်းချုပ်ရဲ့ ဒုတိယ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး မြန်မာနိုင်ငံဆောက်လုပ်ရေး ဖွံ့ဖြိုးရေး အများပိုင်ကုမ္ပဏီရဲ့ (MCD Public Co) CEO အဖြစ်လည်းကောင်း ၊ ရန်ကုန်တိုင်းအစိုးရ အဖွဲ့နှင့် အကျိုးတူ တည်ထောင်သော Yangon Metropolitan Development Public Co တွင် Managing Director အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ မိမိပိုင် လုပ်ငန်းအနေဖြင့် Jewel Finance Company , Aung Myanmar Technology Company , Lawkapala Hospital တို့ပိုင်ဆိုင် ဆောင်ရွက်လျက်ရှိပါသည်။



**ဦးအေးဟန်**
Director

ဦးအေးဟန်သည် (A.G.T.I) (Civil) Diploma ဘွဲ့ရတစ်ဦးဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ သုတ်ဆေးထုတ်လုပ်သူများတွင် ဦးဆောင်ကုမ္ပဏီဖြစ်သည့် United Paints Group Co., Ltd (UPG) ၏ ထိပ်ပိုင်းစီမံခန့်ခွဲသူ Managing Director အဖြစ် တာဝန်ယူလျက်ရှိပါသည်။ သံလျင်ရေနံချက်စက်ရုံ PIC တိုးချဲ့စီမံကိန်းအင်ဂျင်နီယာ အဖြစ် ဆောင်ရွက်ခဲ့ပြီး ၊ ယခုလက်ရှိတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဗဟိုအလုပ်အမှုဆောင် ၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA) ဘဏ္ဍာရေးမှူး ၊ လှိုင်သာယာစက်မှု မြို့စီမံခန့်ခွဲရေး ကော်မတီ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။



**ဒေါက်တာ ဦးမြင့်ကြူ**
Director

၁၉၅၇ မေလ ၃၁ တွင် ချောက်မြို့တွင် မွေးဖွားသည်။ ၁၉၈၂ ခုတွင် M.B,B.S ဘွဲ့ရသည်။ ၁၉၈၈ - ၁၉၉၁ အထိ မြောင်မြို့နယ် သ/မ ဆရာဝန်အဖြစ် လည်းကောင်း ၁၉၉၁ - ၁၉၉၄ အထိ လ/ထ ဆရာဝန် မန္တလေး ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း ၁၉၉၄ - ၂၀၀၅ အထိ MCDC တာဝန်ခံ ဆရာဝန်အဖြစ်လည်းကောင်း ထမ်းဆောင် ခဲ့သည်။ ၂၀၁၀ အထွေထွေ ရွေးကောင်ပွဲတွင် ချမ်းမြသာစည် မဲဆန္ဒနယ် ၁ မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စား လှယ်အဖြစ် ရွေးကောက်ပွဲ အနိုင်ရခဲ့ပြီး မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ဝင် စက်မှုနှင့် လျှပ်စစ် ဝန်ကြီး အဖြစ် ၂၀၁၁ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ခန့်အပ်ခဲ့သည်။ သတ္တုတွင်းဝန်ကြီးဌာန နှင့် စွမ်းအင် ဝန်ကြီးဌာနများအား ပူးတွဲ တာဝန်ယူခဲ့ပြီး ၂၀၁၃ တွင် ဘဏ္ဍာရေးဝန်ကြီး အဖြစ်ပြောင်းလဲခန့်အပ်ခဲ့သည်။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီး ဌာနများ ပူးတွဲတာဝန်ယူခဲ့ပြီး လုံခြုံရေး ဝန်ကြီးဌာနအားလည်း တာဝန်ပေးခဲ့သည်။ ၂၀၁၆ ခုနှစ်၊ ဧပြီလ မှစပြီး MMID Public Co.,Ltd တွင် Director အဖြစ် တာဝန်ထမ်းဆောင် လျက်ရှိသည်။



**ဦးအောင်နိုင်**
Director

ဦးအောင်နိုင်သည် (၂.၁၀.၁၉၄၉) နေ့တွင် မန္တလေးမြို့၌ မွေးဖွားခဲ့ပြီး မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အခြေခံ ပညာများအား ရန်ကုန်မြို့ မြို့မအထက်တန်းကျောင်း ၊ တပ်မတော်အစိုးရ အလယ်တန်း ကျောင်းနှင့် ဗဟိုစံပြ အထက်တန်းကျောင်းတို့တွင် ဆည်းပူးခဲ့ရာ ၁၉၆၅ ခုနှစ်တွင် တန်းမြင့် ကျောင်းထွက် စာမေးပွဲကို အောင်မြင်ခဲ့ပါသည်။ ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်ထိ အင်းစိန်အစိုးရ စက်မှုသိပ္ပံတွင် တက်ရောက်သင်ကြားခဲ့ရာ A.G.T.I (Electrical Power) ဒီပလိုမာကိုရရှိခဲ့ပါသည်။ တစ်ဖန် ၁၉၆၈ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ရန်ကုန် စက်မှု တက္ကသိုလ်တွင် ဆက်လက်သင်ကြားခဲ့ပြီး B.E (Electrical Power) ဘွဲ့ကိုရရှိခဲ့ပါသည်။၁၉၇၃ ခုနှစ်မှစ၍ မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့ရာ ၂၀၀၄ ခုနှစ်တွင် ဒုတိယအင်ဂျင်နီယာချုပ် (ဓာတ်အားသယ်ပို့ဖြန့်ဖြူးရေး) အဆင့်အထိ ရာထူးတိုးမြှင့်ခံထားခဲ့ရပါသည်။ ယင်းသို့ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ၁၉၈၁ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ နော်ဝေနိုင်ငံ Norwegian Institute of Technology သို့ ပညာတော်သင်စေလွှတ်ခံရပြီး Diploma in Electric Power Distribution System (EPDS) ဘွဲ့လွန် ဒီပလိုမာကို ရယူနိုင်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်တွင် အသစ်ဖွဲ့စည်းသော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနတွင် အင်ဂျင်နီယာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့၏ အင်ဂျင်နီယာချုပ် အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် သက်ပြည့်အငြိမ်းစားယူခဲ့ပြီး Asia General Electric Co., Ltd တွင် အင်ဂျင်နီယာချုပ်အဖြစ် ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်၏ လိုအပ်ချက်အရ ၂၀၁၁ ခုနှစ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပြန်လည်ခေါ်ယူတာဝန်ပေးခဲ့သဖြင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့၏ ဥက္ကဌတာဝန်ကို ထမ်းဆောင်ခဲ့ရပါသည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် တဖန်အနားယူခဲ့ပြီးနောက် ယခုအချိန်ထိ Pacific Electric Co., Ltd တွင် C.E.O အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။



**ဦးမြတ်ထွဋ်**
Director

ဦးမြတ်ထွဋ်သည် SanPya Livestock Company Limited တွင် ၂၀၀၁ ခုနှစ်မှစတင်၍ Managing Director အဖြစ် တာဝန်ယူ ဆောင်ရွက်လျှက်ရှိပါသည်။ ၂၀၁၀ ခုနှစ်တွင် MRCCI ( MandalayRegion Chamber of Commerce And Industry) အသင်းချုပ်သို့ အမှုဆောင်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် စာရင်းစစ် တာဝန်ကိုထမ်းဆောင်ခဲ့ပြီး၊ ၂၀၁၄ ခုနှစ်မှစ၍ ဒု-ဥက္ကဌအဖြစ် တာဝန်ယူ ထမ်းဆောင် လျှက်ရှိသည်။ Myanmar Livestock Federation နှင့် Myanmar Fishery Federation တို့တွင် CEC အဖြစ်လည်းကောင်း၊ MRFF (Mandalay Region Fishery Federation) တွင် ဥက္ကဌ၊ MLF (Mandalay Livestock Federation)တွင် ဒု-ဥက္ကဌအဖြစ် ယနေ့အချိန်အထိ တာဝန်ထမ်းဆောင်လျှက် ရှိပါသည်။ MMID (Public) ကုမ္ပဏီ၏ ဒါရိုက်တာ အဖွဲ့ဝင်ဖြစ်ပါသည်။



**ဦးသန်းဦး**
Director

၁၉၅၇ခုနှစ် ဩဂုတ်လ (၂) ရက်တွင်ပဲခူးတိုင်း ၊ ရွှေကျင်မြို့၌ မွေးဖွားခဲ့သည်။ အခြေခံပညာ အထက်တန်းကို ၁၉၇၄ ခုနှစ်တွင် အောင်မြင်ခဲ့ပြီးနောက် ရန်ကုန်စက်မှုတက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ ၁၉၈၀ ခုနှစ်တွင် ရန်ကုန်စက်မှု တက္ကသိုလ် မှ B.E (Min.) ဘွဲ့ရရှိခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် တပ်မတော်ဗိုလ်လောင်းအမှတ် စဉ် (၆၃) သို့တက်ရောက်ခဲ့ပြီး ၊ အင်ဂျင်နီယာတပ်ဖွဲ့ တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် တပ်မတော်မှ ဒုတိယ ဗိုလ်မှူးကြီး အဆင့်ဖြင့် အငြိမ်းစားယူခဲ့ပြီး နေပြည်တော် စည်ပင်သာယာရေး ကော်မတီတွင် ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကော်မတီဝင် (ညွှန်ကြားရေးမှူးချုပ်) အဆင့်ဖြင့် အဆင့်ဆင့် ရာထူး တိုးထမ်းဆောင်ခဲ့သည်။ တာဝန်ထမ်းဆောင်စဉ် ကာလ အတွင်း စင်္ကာပူ ၊ အင်ဒိုနီးရှား၊ မလေးရှား ၊ ဘရူးနိုင်း နိုင်ငံတို့၏ မြို့ ပြတည်ဆောက်ရေးဆိုင်ရာ လေ့လာရေးခရီးနှင့် သင်တန်း များ တက်ရောက်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ အငြိမ်းစား ယူခဲ့သည်။ ဇနီးဖြစ်သူ ဒေါ်တင်မိလတ်နှင့် အတူ ပြင်ဦးလွင်မြို့တွင် နေထိုင်၍ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း များနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ပညာရေး ဝန်ဆောင်မှု လုပ်ငန်းများ ဆောက်ရွက်လျက် ရှိပါသည်။



**ဦးကျော်ဇေယျ**
Director

